
ပါရမီရှင်တစ်ယောက်ရဲ့
ထင်ဝိုင်းကြဲ
ဒိုင်ယာရီ
စာစဉ်-၇
Translator-Heavenly Dao Translation Sect

# ပါရမီရှင်တစ်ယောက်ရဲ့ထင်တိုင်းကြဲ
# ဒိုင်ယာရီ
# (စာစဉ်-၇)

## အခန်း (၆၁)
## အမြင့်ဆုံး အခြေခံအုတ်မြစ် လုံခြုံသွားပြီ

*

နောက်တစ်နေ့ မနက်ခင်း....၊

အစာစားပြီးနောက် နင်းဖန်သည် စွမ်းအင် အပြည့်ဖြင့် သိုင်းပညာ လေ့ကျင့်ရေးကွင်း သို့ ရောက်ရှိ လာခဲ့လေသည်။

ချိုးဖောက်ဝင်ရောက်မှု တစ်ခု နီးကပ်နေပြီ ဖြစ်ကြောင်း သူတွင် ကြိုတင် ခံစားမိနေသည်မှာ အမှန်ပင် ဖြစ်လေသည်။

သူ၏ ခန္ဓာကိုယ်အတွင်းရှိ သွေးစွမ်းအင်နှင့် ဝိညာဉ်အင်အားများ ပဲ့တင်ထပ်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်၏။

ယခု သူ လုပ်ဆောင်ရန် လိုအပ်သည်မှာ ဤ ပဲ့တင်ထပ်မှုကို အပြင်သို့ ထုတ်ယူရန် သူ၏ ကြွက်သားများ နှင့် အရိုးများကို ဖြေလျှော့ပေး ရန်ပင်ဖြစ်လေသည်။

ထို့ကြောင့် ရိုးရှင်းသော သွေးပူလေ့ကျင့်ခန်း လုပ်ပြီးနောက် နင်းဖန်သည် အိုးကြီးတစ်လုံးကို ကိုင်ကာ အားရပါးရ စတင် လွှဲယမ်းလိုက်ရာ လေတိုးသံများ ထွက်ပေါ်လာခဲ့လေသည်။

... တစ်ချိန်တည်းမှာပင် ကောင်းကင်ယံ၌ ထိုက်ရီအကြွင်းအကျန်နယ်မြေ အတွင်းရှိ အကြီးအကဲများမှာ အနည်းငယ် စိတ်အားငယ်နေခဲ့ကြသည်။

မနေ့က နင်းဖန်သည် နဂါးသတ်ချောက်ကမ်းပါး သို့ အမှတ်မထင် ရောက်ရှိသွားပြီးနောက် သူသည် ဖြတ်သွားဖြတ်လာ တစ်ယောက်ကဲ့သို့ တစ်ချက်မျှသာ ကြည့်ပြီး ထွက်သွားခဲ့သည်ပင်။

ထိုအရာကို သူတို့ကို အလကား စိတ်လှုပ်ရှားစေရန် ဟန်ပြလှုပ်ရှားမှု တစ်ခုဟု ဆိုနိုင်ပေသည်။

အရေးအကြီးဆုံးမှာ နင်းဖန်၏ ခဏတာနေထိုင်မှုသည် မျှော်လင့်ထားသည့်အတိုင်း

သူတော်စင်မိန်းမပျို ၏ အာရုံစိုက်မှုကို မဆွဲ ဆောင်နိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။

"သူတော်စင်မိန်းမပျို ကိုယ်တိုင်က သတိမထား မိတာလား ဒါမှမဟုတ်...။ သူမရဲ့ တရားကျင့်မှု မှာ တစ်ခု ခု မှားယွင်းသွားလို့လား ဆိုတာ မ သေချာသေးဘူး....။"

ပထမတစ်ခုက အဆင်ပြေသော်လည်း ဒုတိယ တစ်ခုဆိုလျှင်တော့... ။

ဂိုဏ်းချုပ် ဖေ့ချင်းယွီသည် တွေးတောနေသော လူအုပ်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး သူတို့၏ နှလုံးသားများကို တည်ငြိမ်စေရန် နှစ်သိမ့် စကားပြောလိုက်လေသည်။

"အများကြီး တွေးမနေပါနဲ့...။ သူတော်စင် မိန်းမပျိုက ဂိုဏ်းထဲမှာ ရှိနေတာပဲ ဘယ်လို

မတော်တဆမှုမျိုး မှ မဖြစ်နိုင်ပါဘူး...။"

အမှန်တကယ်ပင် ဂိုဏ်းသည် အလွန် လုံခြုံပြီး သူတော်စင်မိန်းမပျိုကို တစ်ခုခု ဖြစ်နိုင်ခြေမှာ အလွန် နည်းပါးကြောင်း အကြီးအကဲများ အားလုံး သိကြလေသည်။

ယခု သူတို့ စိတ်ကူးယဉ်နေကြခြင်း၏ အဓိက အကြောင်းရင်းမှာ လွတ်မြောက်ရန် မျှော်လင့်ချက်များကို သူတော်စင်မိန်းမပျိုအပေါ် ပုံအပ်ထားသောကြောင့်ပင်ဖြစ်၏။

ထို့ပြင် သူမ နင်းဖန်ကို ရှာမတွေ့ခဲ့ခြင်းက အားလုံး၏ မျှော်လင့်ချက်များနှင့် မျှော်လင့်ထား မှုများမှ သွေဖည်သွားခဲ့ခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် အဆိုးရွားဆုံး အခြေအနေများကို မ တွေးဘဲ မနေနိုင်ခဲ့ကြချေ။

ယ္ဂီရူရှမ်းကလည်း ဤအချိန်တွင် နူးညံ့စွာ စကားပြောလိုက်လေသည်။

"အားလုံးက လျှို့ဝှက်နယ်မြေ ထဲမှာ အချိန် အတော်ကြာ ရှိနေခဲ့တာပဲ အခု လောစရာ မလို ပါဘူး...။ လောလောဆယ် နင်းဖန်ကိုပဲ ငါတို့ အာရုံစိုက်ကြရအောင်...။ သူ ချိုးဖောက်ဝင် ရောက်တော့မယ်...။"

ဤသည်ကို ကြားသောအခါ အားလုံး စိတ်အေး သွားကြပြီး သဘောတူလိုက်ကြလေသည်။

ထို့နောက် အောက်ဘက်ရှိ သိုင်းပညာ လေ့ကျင့် ရေးကွင်း ပေါ်သို့ အကြည့်များ တစ်ချက်ပြီးတစ် ချက် ကျရောက်လာခဲ့တော့သည်။

ထင်သည့်အတိုင်းပင် နင်းဖန် ကိရိယာကို လွှဲ ယမ်းလိုက်သည်နှင့် သူ၏ ကြွက်သားများနှင့်

အရိုးများ ရုတ်တရက် အက်ကွဲသွားကာ သူ၏ သွေးစွမ်းအင်များ လှိုင်းထသွားပြီး လျှို့ဝှက်ဆန်းကြယ်သော အင်အားမြှင့်တင်ရေး စွမ်းအား တစ်ခု ရုတ်တရက် သက်ရောက်လာခဲ့လေသည်။

"ဝုန်း… "

ချိုးဖောက်ဝင်ရောက်ခြင်း။

ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ပဥ္စမအလွှာ။

နင်းဖန်သည် ယခု သိသိသာသာ ပေါ့ပါးသွားသော အိုးကြီးကို ဘေးသို့ ပစ်ချလိုက်ပြီး ပြောင်းလဲမှုများကို သေချာစွာ ခံစားရန် မျက်လုံးများကို မှိတ်ထားလိုက်ကာ တစ်ခဏအကြာတွင် ပြုံးလိုက်လေသည်။

အရင်ကနှင့် နှိုင်းယှဉ်ပါက သူ၏ အင်အားသည် နောက်ထပ် အရည်အသွေးပိုင်းဆိုင်ရာ ခုန်ပျံ

ကျော်လွှား တိုးတက်မှု တစ်ခုကို ရရှိသွားခဲ့သည်ပင်။

ဤတစ်ကြိမ်တွင် သူသည် ပိုမို လေးလံပြီး ပိုမိုကြီးမားသော အထူးပြုလုပ်ထားသည့် အိုးကြီးတစ်လုံးကို တန်း၍ ကိုင်တွယ်လိုက်သည်။

ဤအိုးကြီးများကို များသောအားဖြင့် ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း အဆင့် အထွတ်အထိပ်ရှိ အစစ်အမှန် တပည့် များက သူတို့၏ အင်အားကို စမ်းသပ်ရန် အသုံးပြုကြလေသည်။

ယခု ထိုအိုးကြီးကို နှင်းဖန်က လက်တစ်ဖက်တည်းဖြင့် ပင့်ချီလိုက်ခြင်းပင်ဖြစ်သည်။

အိုး၏ ခြေထောက်ကို လက်ချောင်းများဖြင့် ဆုပ်ကိုင်ထားပြီး သူ၏ ညာဘက်လက်မောင်းကို အပေါ်သို့ မြှောက်ထားရာ အနည်းငယ်သာ

တင်းမာမှုကို သူ ခံစားရလေသည်။

ထို့နောက် နင်းဖန်သည် အိုးများကို ပြောင်းလဲခြင်းဖြင့် အလေးချိန်ကို ထပ်မံ တိုးမြှင့်နေလိုက်သည်။

စမ်းသပ်မှု အကြိမ်အနည်းငယ် ပြုလုပ်ပြီးနောက် သူ၏ လက်ရှိ အင်အား တန်ဖိုးကို သူ နားလည်သွားပြီး ရေရွတ်လိုက်လေ၏။

"လက်တစ်ဖက်တည်း အင်အား...၊ ဂျင် လေး သိန်းလေးသောင်း...။"

သူ၏ မျက်လုံးများ လင်းလက်သွားပြီး သူ၏ နှလုံးသားမှာ ခုန်ပေါက်နေခဲ့လေသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အဆင့်မြင့် နတ်ဆိုးသားရဲ အသားများနှင့် ကောင်းကင်နဲ့မြေကြီး ရတနာ များကို အားရပါးရ စားသုံး

ခြင်းဖြင့် သူသည် အစာချေဖျက်ခြင်း ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း နည်းစနစ် ကို ၎င်း၏ အကန့်အသတ်အထိ တွန်းပို့ခဲ့ပြီး ညဘက်တွင် သူတော်စင်မိန်းမပျို၏ အေးစက် သော ကုတင်ပေါ်တွင် ရိုးတွင်းခြင်ဆီ သန့်စင်ခြင်းကို ခံယူခဲ့လေသည်။

ဤသည်က သူ၏ အင်အားကို ချိုးဖောက်ဝင်ရောက်မှု မတိုင်မီကပင် ကြောက်မက်ဖွယ်ကောင်းသော ဂျင် သုံးသိန်းခုနစ်သောင်းသို့ ရောက်ရှိစေခဲ့သည်ပင်။

ချိုးဖောက်ဝင်ရောက်ပြီးနောက် အင်အားမြှင့်တင်ရေး အကျိုးသက်ရောက်မှုကြောင့် ဤလက်ရှိ တန်ဖိုး သို့ သူ ရောက်ရှိခဲ့ခြင်းပင် ဖြစ်လေသည်။

လက်တစ်ဖက်တည်း အင်အား လေးသိန်း ကျော်လွန်ခြင်းသည် ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း အလယ် အလတ် အဆင့်ရှိ အမြင့်ဆုံး အခြေခံ အုတ်မြစ် အတွက် အနိမ့်ဆုံး စံနှုန်း ဖြစ်ပေသည်။

အခြားသူများသည် ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ဆဋ္ဌမအလွှာ တွင်သာ ဤအဆင့်သို့ ရောက်ရှိနိုင်ကြသည်။

နင်းဖန်သည် အလွှာငယ် တစ်ခု ကြိုတင်၍ အောင်မြင်ခဲ့သည်ပင်။

ဤသည်မှာ ကောင်းကင်ဘုံကို အံ့တုသော လုပ်ရပ်တစ်ခုဖြစ်ကြောင်း ဆိုရပေမည်။

ထိုက်ရီအကြွင်းအကျန်နယ်မြေ တစ်ခုလုံး အတွင်း နင်းဖန် ဂျင် လေးသိန်းလေးသောင်းရှိ

သော အိုးကြီးကို ပင့်ချီလိုက်သည့် အခိုက်အတန့်တွင် တပည့်များက အံ့ဩတကြီး ပြောဆိုလိုက်ကြသည်။

"ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ပဋ္ဌမအလွှာ...။ လက်တစ်ဖက်တည်း အင်အား ဂျင် လေးသိန်းလေးသောင်း တဲ့...။"

"ဒါက အရမ်း ခမ်းနားလွန်းတယ်...။ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း အလယ်အလတ် အဆင့်မှာ တစ်ယောက် ယောက်က တကယ်ပဲ သူတို့ရဲ့ ရုပ်ခန္ဓာကိုယ် ကို ဒီလောက်အထိ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်တာ လား...။"

"သူ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ဆဋ္ဌမအလွှာ ရဲ့ နှစ်ဆတိုးတဲ့ အကျိုးသက်ရောက်မှုကိုတောင် အသုံးမပြုရ သေးဘူးလေ...။"

"နင်းဖန်က အခုလောက်ဆို ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း နယ်မြေ မှာ ပြိုင်ဘက်ကင်း နေ လောက်ပြီ မဟုတ်ဘူးလား...။"

"လက်တစ်ဖက်တည်းနဲ့ ဂျင် လေးသိန်းလေး သောင်းကို သယ်ဆောင်တာ။ တကယ်လို့ သူက လက်သီး တစ်ချက် ထိုးဖို့ ခန္ဓာကိုယ် တစ်ခုလုံးရဲ့ အင်အားကို အသုံးပြုမယ်ဆိုရင် ပေါက်ကွဲအား က တစ်သန်းကျော်သွားနိုင်တယ်...။"

"နင်းဖန်က ကောင်းကင်ဘုံ အဆင့်မြင့် သိုင်း ပညာတစ်ခုကိုလည်း ကျွမ်းကျင်ထားတယ်ဆို တာ ပြောစရာ တောင် မလိုပါဘူး...။ သူက ခွန်အားသက်သက်ကိုပဲ အသုံးပြုနေတာ မဟုတ် ဘူး ဒါကြောင့် စွမ်းအား ရလဒ်က ပိုတောင် ကြီးမားဦးမယ်...။"

"ရှူး....၊ ဆက်မပြောနဲ့တော့ တွေးလေ ပိုပြီး ကြောက်စရာကောင်းလေပဲ...။"

"ငယ်ရွယ်တဲ့အရွယ် ရှေးဟောင်း စစ်မှန်သော နဂါး တစ်ကောင်တောင် ဒီအဆင့်လောက်ပဲ ရှိမှာ မဟုတ် ဘူးလား...။"

အတွင်းစည်းနှင့် အပြင်စည်း တပည့်များ အားလုံး အူထဲအသည်းထဲအထိ တုန်လှုပ်သွားခဲ့ကြ၏။

အစစ်အမှန်တပည့် ခုနစ်ဆယ့်နှစ်ယောက်ပင် တံတွေးများကို ခက်ခဲစွာ မြိုချနေကြလေသည်။

သူတော်စင်သည် အပြင်ပန်းအားဖြင့် မည်သည့် စိတ်ဆင်းရဲမှု လက္ခဏာကိုမျှ မပြသသော်လည်း အကယ်၍ သူ၏ နှလုံးသားထဲတွင် လူသေးသေး လေး တစ်ယောက် ရှိနေပါက ထိုလူသေးသေး

လေး သည် အကြောက်တရားကြောင့် ငိုကြွေးနေပြီဖြစ်ကြောင်း တစ်စုံတစ်ယောက် တွေ့ရှိပေလိမ့်မည်။

"လက်တစ်ဖက်တည်းနဲ့ ဂျင် လေးသိန်းလေးသောင်း....။"

"ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း ပဉ္စမအလွှာ တဲ့လား...။"

"သူ အဲဒါကို ဘယ်လိုများ လုပ်ခဲ့တာလဲ...။"

ဤကဲ့သို့သော လက်သီးချက်မျိုး သူ၏ခန္ဓာကိုယ်ပေါ် ကျရောက်ပါက အကျိုးသက်ရောက်မှု မည်သို့ရှိ မည်ကို သူတော်စင်သည် စိတ်ကူးပင် မယဉ်ရဲချေ။

သူ၏ တစ်ကိုယ်လုံး ညိုမည်းသွားနိုင်သည်သို့မဟုတ် နေရာအနှံ့ အပိုင်းပိုင်းအစစ ပြန့်ကျဲ

သွားနိုင်သည် မှာ မြေကြီးလက်ခတ်မလွဲပေ။

အကြီးအကဲများ၏ တုံ့ပြန်မှုမှာ များစွာ ပိုမို ရိုးရှင်းပေသည်။

သူတို့၏ စိတ်ခံစားမှုများကို တိုက်ရိုက် ဖော်ပြကာ တညီတညွတ်တည်း အားပေးကြွေးကြော်လိုက် ကြသည်။

"ကောင်းတယ်....။"

"နင်းဖန်က တကယ်ပဲ ငါတို့ဂိုဏ်းရဲ့ ချီလင်သားတော် ပဲ...."

"လက်တစ်ဖက်တည်းအတွက် ဒီတန်ဖိုးနဲ့ဆိုရင် အမြင့်ဆုံး အခြေခံအုတ်မြစ် က လက်လှမ်းမီတဲ့ နေရာမှာ ရှိနေပြီ...။"

"နင်းဖန် မသေသရွေ့ ငါတို့ဂိုဏ်းက နောက်ထပ် နှစ်ရာအနည်းငယ်အတွင်းမှာ နတ်

ဘုရားကူးဖြတ်ခြင်း အင်အားကြီးသူ တစ်ယောက်ကို မွေးထုတ်နိုင်လောက်တယ်...။"

"ဟင်း... ဂိုဏ်းက နတ်ဘုရားကူးဖြတ်ခြင်း အင်အားကြီးသူ တစ်ယောက်ကို နောက်ဆုံး ပြုစုပျိုးထောင်ခဲ့ တာက လွန်ခဲ့တဲ့ နှစ်သိန်းပေါင်းများစွာ ကတည်းကလေ...။"

"ဒါပေမယ့် နင်းဖန်က သူ့ရဲ့ လက်ရှိ အဆင့်မှာ အစာချေဖျက်ခြင်း ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း နည်းစနစ် ရဲ့ အကန့်အသတ်ကို ရောက်သွားလောက်ပြီ...။ ကောင်းကင်နဲ့မြေကြီး ရတနာတွေနဲ့ ဝိညာဉ်အပင်တွေ ရဲ့ ဆေးစွမ်းအင်တွေက တဖြည်းဖြည်း လျော့ကျသွားလိမ့်မယ်...။"

"အဲဒီထက် ပိုမြင့်တဲ့ အဆင့်ရှိတဲ့ နတ်ဆိုးသားရဲ အသားတွေ မရှိဘူးဆိုရင်ပေါ့...။ အဲဒီလိုမှ

မဟုတ်ရင် အခုလို ပြင်းပြင်းထန်ထန် ဆက်ပြီး တိုးတက်ဖို့က သူ့အတွက် ခက်ခဲလိမ့်မယ်...။"

"တကယ်ပါပဲ...၊ နင်းဖန်က ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း အတွက် လမ်းကြောင်းသစ်တစ်ခု ကို ရှာဖွေ သင့်တယ်...။"

"ဆေးသန့်စင်သော သွေးကြောများ နွေးထွေး စေခြင်း၊ ဆေးလုံး အသား အာဟာရဖြစ်စေခြင်း၊ အရည် ပျော်နေသော မီး သွေးသစ္စာ၊ ရေအေး အရိုး သန့်စင်ခြင်း...။ ဒီအထဲက ဘယ်လောက် များ သူ အသုံးပြုခဲ့ ပြီးပြီလဲ...၊ အသင့်ရှိထားတဲ့ နည်းစနစ်တွေက အဲဒီမှာ ရှိနေတာပဲလေ...။"

"နင်းဖန် နောက်တစ်ခု ဘာရွေးမလဲ ကြည့် ရအောင်...။"

သူ့ကို ချီးကျူးနေစဉ်မှာပင် အကြီးအကဲများ

စွာသည် နင်းဖန်၏ နောက်ဆက်တွဲ ကျင့်ကြံခြင်း တိုးတက်မှု အတွက်ကိုလည်း စိုးရိမ်နေခဲ့ကြခြင်း ပင်ဖြစ်လေသည်။

မည်သို့ပင်ဆိုစေ ရုပ်ခန္ဓာကိုယ်သန့်စင်ခြင်း တတိယ၊ ဆဋ္ဌမ နှင့် နဝမ အလွှာများ အားလုံး တွင် ချိုးဖောက် ဝင်ရောက်မှုအပေါ် ရုပ်ပိုင်း ဆိုင်ရာ အင်အား နှစ်ဆတိုးသည့် အကျိုး သက်ရောက်မှု ရှိကြသည်။

ထို့ကြောင့် ဤနယ်မြေ သုံးခုတွင် ကျင့်ကြံခြင်း သည် အလွန် အရေးကြီးပေသည်။

နင်းဖန်သည်လည်း ဤအချက်ကို သဘာဝကျ စွာ သိရှိထား၏။

သူသည် စောစောကတည်းက အစီအစဉ်များ ဆွဲထားပြီး ဖြစ်လေသည်။

သိုင်းပညာ လေ့ကျင့်ရေးကွင်းမှ ထွက်ခွာပြီး ရိုးရှင်းသော နေ့လယ်စာ စားပြီးနောက် သူသည် ပုံ့သန်း သည့်လှေကို ယူကာ ဆေးဖက်ဝင်အပင် တစ်ရာတောင်ထိပ် သို့ ပြန်သွားခဲ့လေသည်။

သို့သော် ဤတစ်ကြိမ်တွင် သူသည် ဆေး ဥယျာဉ် သို့ မသွားခဲ့ချေ။

ယင်းအစား ဆေးခန်းမ ဆီသို့ တည့်တည့် သွားခဲ့လေသည်။

ဆေးဖက်ဝင်အပင်တစ်ရာတောင်ထိပ် တွင် တာဝန် သုံးခု ရှိလေသည်။ ဆေးသန့်စင်ခြင်း၊ ဝိညာဉ်အပင် များနှင့် ဆေးပညာ တာအို တို့ ဖြစ်ကြလေသည်။

နောက်ဆုံး နှစ်ခုမှာ အရံတာဝန်များသာ ဖြစ်လေသည်။ ဆေးသန့်စင်ခြင်း သာလျှင် အဓိက

တာဝန် ဖြစ်၏။

ငင်းသည် ဆေးဖက်ဝင်အပင်တစ်ရာ တောင်ထိပ် ကို အဝေးအထိ အမှန်တကယ် ကျော်ကြားစေသော အခြေခံအုတ်မြစ်လည်း ဖြစ်လေသည်။

နင်းဖန်၏ ယခု ခရီးစဉ်မှာ ကျင့်ကြံခြင်း ဆေးလုံးများ ကို ရှာဖွေရန်နှင့် ရုပ်ခန္ဓာကိုယ် သန့်စင်ခြင်း ဆဋ္ဌမ အလွှာ ဆီသို့ အားယူရန် ဆေးလုံး အသား အာဟာရဖြစ်စေခြင်း နည်းစနစ် ကို အသုံးပြုရန် ဖြစ်သည်။

***